ရေလဲကျေးရွာ

ရေလဲနဲကောကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

# (၂၀၂၅-၂၀၃၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ရေလဲနဲကောကျေးရွာအုပ်စု၊ ရေလဲကျေးရွာ၊ ပန်းတနော်မြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက

ကူညီရေးဆွဲသည်။)

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ

# မာတိကာ


| | အကြောင်းအရာ | |
|---|---|---|
| | စကားချီ | |
| | ရေလဲကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပြက္ခဒိန်ပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့နယ် | |
| ၁။ | တည်နေရာနှင့်ပထဝီဝင်အနေအထား | |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | |
| | (က)သီးနှံစိုက်ပျိုးရေး | |
| | (ခ)မွေးမြူရေးလုပ်ငန်း | |
| | (ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ)ကျေးရွာမီးလင်းရေး | |
| | (ဂ)သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | |
| ၇။ | ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၉။ | ကျား-မရေးရာဆိုင်ရာကိစ္စ | |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်စီမံချက်များစာရင်း | |
| | နောက်ဆက်တွဲ(၅)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |

**စကားချီး**

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၉-၂၀၃၀ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ရေလဲနဲ့ကောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိရပ်ဖများ ၊ ကျေးရွာပြည်သူများနှင့် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ရေလဲကျေးရွာ၏ ကျေးရွာပြည်သူများပါဝင်ကာ စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူ တစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ဘဲ အများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာစနစ်တကျရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တတ်သည့် အလေ့အကျင့်

ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်တက်သည့် အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံလိုအပ်သည့်ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိခဲ့သည့်အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများတွင် ရရှိမည့်ကိန်းဂဏန်း၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ဧကန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက် သွားမည်ဆိုပါက မလွဲကေန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက်နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်းရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှုးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင်ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေစသည့် အသေးစိတ်အချက်အလက်များ စနစ်တကျထည့်သွင်းရေးဆွဲထားသဖြင့် ရေလဲကျေးရွာအတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံဖြိုးရေးစီမံကိန်း စာအုပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရေလဲကျေးရွာ
ရေလဲနဲ့ကောကျေးရွာအုပ်စု
ပန်းတနော်မြို့နယ်

ရက်စွဲ ၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်

## ရေလဲကျေးရွာ သဘာဝသယံဇာတပြမြေပုံ



# ရေလဲကျေးရွာ ရာသီခွင်ပြပြက္ခဒိန်



ရေလဲနဲ့ကောကျေးရွာအုပ်စု၊ ရေလဲကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ( **Venn Diagram** )



## (၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည်မြောက်လတ္တီကျူ၁၆° ၅၈'နှင့် ၁၇° ၂၃' ကြားအရှေ့လောင်ဂျီကျူ ၉၅° ၂၈' နှင့် ၉၈° ၅၃' ကြားတွင်တည်ရှိပါသည်။ ပန်းတနော်မြို့နယ်၏ အကျယ်အဝန်းမှာ ၄၉၈.၅၂ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အရှေ့မှအနောက်သို့ ၁၇မိုင်ရှိပြီး တောင်မှမြောက်သို့ ၂၇ မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ် အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်မြို့နယ်တောင်ဘက်တွင် ဝါးခယ်မမြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။

ရေလဲကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ရေလဲ ကျေးရွာသည် ရေလဲနဲ့ကောကျေးရွာအုပ်စုတွင်ပါဝင်ပြီး ပန်းတနော်မြို့နယ်နှင့် ၈မိုင်ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ တောင်ဘက်တွင် ရေလဲတောင်စုကျေးရွာ၊ မြောက်ဘက်တွင် နဲ့ကောကျေးရွာတို့နှင့် ထိစပ်နေပါသည်။ ရေလဲကျေးရွာသည် စိုက်ပျိုးရေးနှင့် သင်/ဖျာလုပ်ငန်းကို အဓိကလုပ်ကိုင်သောဒေသတစ်ခုဖြစ်ပါသည်။

## (၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၉.၂၂ဒီဂရီစင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ ဒီဂရီစင်တီဂရိတ်ရှိပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာသွန်းမှုရက်မှာ (၁၀၈) ရက်ရှိပြီးပျမ်းမျှမိုးရေချိန်မှာ (၈၈.၉) လက်မရှိပါသည်။ မိုးအများဆုံးရွာသွန်းသောကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ပန်းတနော်မြို့နယ်သည် မြစ်ချောင်းများပေါ်များသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းမှာ ဧရာဝတီမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ စသည်ဖြင့်အသုံးပြုနိုင်ပြီး သင်္ဘော၊ စက်လှေများလည်း သွားလာနိုင်သောမြစ်များ ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမှာ သဲကို မြစ်၊ ချောင်း များတွင် ထုတ်ယူနိုင်ပါသည်။

ရေလဲကျေးရွာတွင်ဓာတ်သတ္တုဆိုင်ရာသဘာဝအရင်းအမြစ်များထွက်ရှိမှုမရှိသော်လည်းဆေး ဖက်ဝင်အပင်များဖြစ်သည့်ဘုန်းမသိမ်၊လောက်သေ၊ပွေးပင်နှင့်ဆင်တုံးမနွယ်အပင်များဖြစ်ပါသည်။ ၎င်းအပင်များပေါက်သောကြောင့်ကျန်းမာရေးအတွက်အလွန်အရေးပါသောဆေးဖက်ဝင်အပင်များ ဖြစ်ပါသည်။ရေလဲကျေးရွာသည်လယ်ယာမြေအသင့်အတင့်ရှိကြပြီးမြေပြန့်ဒေသဖြစ်ကာမြေဆီ

အသင့်အတင့်ကောင်းမွန်ပါသည်။ရေလဲကျေးရွာဒေသသည်တောင်သူအားလုံးတို့ကရေသွင်းမြောင်း နှင့်ကိုယ်ပိုင်အဝိစိတွင်းများမှ ရေများကိုစုပ်ယူပြီး လယ်မြေ (၁၂၄) ကေ၊ကိုင်းကျွန်းမြေ(၇)ကေ ခန့်၊ဥယျာဉ် ခြံမြေ (၅)ကေ ခန့်ကိုရေသွင်းစိုက်ပျိုးကြပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ရေလဲကျေးရွာတွင်းရှိလူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်ကျား(၁၀)ဦး ဂေါပကအဖွဲ့ဝင်ကျား(၁၅)၊ကျောင်းကော်မတီအဖွဲ့ဝင်ကျား(၁၂)ဦး၊မ(၁၀)ဦး၊ကျန်းမာရေးအဖွဲ့အစည်း တွင်ကျား(၁၀)ဦး၊မ(၅)ဦးတို့သည်ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အားတက်သရောစုပေါင်း လုပ်ဆောင်နေကြပါသည်။ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှဦးဆောင်ပြီးကျေးရွာ ဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ခဲ့ကြပါသည်။ ၎င်းကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

**(က) သီးနှံစိုက်ပျိုးရေး**

ရေလဲကျေးရွာတွင် ၅ကေမှ၂.၅ကေကြားရှိ တောင်သူလူငယ်(၇)ဦးအိမ်ထောင်စုနှင့် ၅ကေမှ ၁၂.၅ကေရှိသောတောင်သူလတ်(၁၅)အိမ်ထောင်စုရှိကြပါသည်။စပါးကိုအဓိကစိုက်ပျိုးကြပြီးပဲကိုစား သုံးရုံမျှသာစိုက်ပျိုးကြပါသည်။ရေလဲကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများလည်းရှိပြီး အများစုမှာ နေ့စား/ကျပန်းအဖြစ်လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် ကိုယ်ပိုင်လက်တွန်းထွန်စက်(၁၃)စီးနှင့် ကိုယ်ပိုင်ရေ စုပ်စက် (၁၉)လုံးရှိကြပါသည်။ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့ များကို ပန်းတနော်ဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူ ကိုယ်တိုင်သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှတဆင့်သော်လည်းကောင်း ရောင်းချကြ ပါသည်။ မိုးတွင်းကာလတွင် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ရေလဲကျေးရွာသည် မြို့နယ်နှင့် (၄)မိုင် ကွာဝေးသဖြင့် စိုက်ပျိုးထုတ်လုပ်ရေး အတွက် ဝန်ဆောင်မှုများရရှိရန် အနည်းငယ်ခက်ခဲပြီး စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများ လွယ်ကူစွာရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ရေလဲကျေးရွာတွင်ဝက်မွေးမြူထားသည့်အိမ်ထောင်စု(၄)စုရှိပြီးဝက်ကောင်ရေ(၆)ကောင်၊ ကြက်မွေးသည့်အိမ်ထောင်စုမှာ(၂၀)စုရှိပြီးကြက်ကောင်ရေ(၁၃၈)ကောင်၊ဘဲမွေးမြူသည့်အိမ်ထောင်စုမှာ(၁၅)စုရှိပြီးဘဲကောင်ရေ(၁၁၇)ကောင်၊နွားမွေးမြူသည့်အိမ်ထောင်စုမှာ(၂)စုရှိပြီးနွားကောင်ရေမှာ(၆)ကောင်စသည်ဖြင့်တစ်နိုင်တစ်ပိုင်မွေးမြူရေးကိုလုပ်ကိုင်ကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့်နည်းပညာနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများရှိပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်မည်ဆိုပါကမွေးမြူရေးနည်းပညာနှင့်ပတ်သက်သည့်အတွေ့အကြုံအသိပညာများအားနည်းနေပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ရေလဲကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ကိုင်သူများမှာ ပန်းရံ၊လက်သမားနှင့်ကျပန်းအလုပ်များလုပ်ကိုင်ကြပါသည်။နေ့စားအလုပ်လုပ်ကိုင်သူများမှာပန်းရံသမားနှင့်လက်သမားများသည် တစ်နေ့လျှင်လုပ်အားခ၂၀၀၀ကျပ်မှ၁၀၀၀ကျပ်ရရှိပါသည်။ ကျေးရွာရှိအိမ်ထောင်စုပေါင်း(၃၀)အိမ်ခန့်လုပ်ကိုင်ကြပါသည်။ကျေးရွာတွင်စိုက်ပျိုးရေးနှင့်မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့်အသေးစားအလတ်စားစီးပွားရေးဖွံ့ဖြိုးရေးမှုဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့်အလုပ်နှင့်လိုက်လျောညီထွေသော အတတ်ပညာများကျွမ်းကျင်မှုမရှိသဖြင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ လယ်ယာနှင့်သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာအသိအမြင်အားနည်းပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင်ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နှင့်အခြားအဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးသည့် ဧကမှာ (၁၀) ဧက အတွက် အများဆုံး ကျပ် (၁၅၀၀၀၀၀/-) ဖြစ်ပါသည်။ အတိုးနှုန်း မှာ (၀.၅) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ဧက ကုန်ကျစရိတ်မှာ (၄) သိန်းကျပ်ခန့် ကုန်ကျသောကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

ရေလဲကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါးသီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေး နေသောကြောင့် အခြားသီးနှံစိုက်ပျိုးရေး တောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူ အများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့်ပါသည်။

စထာပါနာဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်နေသည်မှာ (၄)နှစ် ခန့်ရှိပြီ ဖြစ်ပြီး စိုက်ပျိုးရေး၊မွေးမြူရေး၊အရောင်းအဝယ်၊လက်မှုလုပ်ငန်းများအတွက် ချေးငွေ ထုတ်ချေးဆောင်ရွက်လျက်ရှိပါသည်။ တစ်ဦးလျှင်(၃)သိန်းစ၍ အမြင့်ဆုံး(၇)သိန်းအထိ ထုတ်ချေး ကြောင်း သိရှိရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ရေလဲကျေးရွာသည် ပန်းတနော်မြို့၏ မြောက်ဘက်တွင် တည်ရှိပြီး ပန်းတနော်မြို့ ပုသိမ်-ရန်ကုန်ကားလမ်းမကြီးမှ (၇)မိုင်ခန့် ကွာဝေးပါသည်။ ပန်းတနော်မြို့သို့ ကုန်းလမ်းဖြင့် ရာသီမရွေးသွားလာနိုင်ပါသည်။ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များအဖြစ် စက်လှေ(၄)စီး ၊ စက်ဘီး(၂၈)စီး ၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ထော်လာဂျီ(၂)စီး နှင့် မော်တော် ဆိုင်ကယ်(၃၆) စီး၊ ကား(၂)စီး တို့ဖြင့် အသုံးပြုကြပါသည်။

ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်သည့်အတွက်မိုးတွင်းအခါလမ်းပေါ်သို့ရေကျော်ပြီး ယာဉ်များတိမ်းရှောင်ရာတွင်ရွှံ့ဗွက်များဖြင့် လမ်းချော်သဖြင့်ထိခိုက်မှုများမကြာခဏဖြစ်ပွားလေ့ရှိပါ သည်။ ယခုအခါကျေးလက်ဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ်ကျေးရွာ လူထုမှကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသောကြောင့် အဆင်ပြေချောမွေ့ အောင်ဆောင်ရွက်ထားရှိပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ရေလဲကျေးရွာနေ အိမ်ထောင်စုများမှာ ဆိုလာ ၊ ဖယောင်းတိုင်၊ မီးခွက်တို့ကို အသုံးပြုကြ ပါသည်။ ကျေးရွာနေပြည်သူအများစုမှာ မီးလင်းရေးအတွက် ကိုယ်ပိုင်ဆိုလာ၊ ဘတ္တရီငှားရမ်း

အသုံးပြုမှု ၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်တို့ကို အသုံးပြုလျှက်ရှိပါသည်။ မဟာဓါတ်အားလိုင်းရရှိရန် ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းမှာ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ပြီး ကျေးရွာလူထုမှလည်း စိတ်ဝင်စားကြပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

ရေလဲကျေးရွာတွင် မုန်တိုင်းသတင်း၊ ငလျင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက် အွန်လိုင်းအသုံးပြုခြင်းစသည်တို့ဖြင့် သတင်းအဆက်အသွယ်နှင့် နည်းပညာ ရရှိကြပါသည်။ ကျေးရွာ၌ ဖုန်းအင်တာ နက်လိုင်းများ ရရှိသဖြင့် ဆက်သွယ်ရေး အသုံးပြုရာတွင် အဆင်ပြေလွယ်ကူမှုရှိပြီး အခက်အခဲများ အထူးတလည် မရှိပါ။

**(ဃ) ပညာရေး**

ရေလဲကျေးရွာတွင် အခြေခံမူလတန်းကျောင်းရှိပါသည်။ ကျေးရွာတွင်စာမတတ်သူဦးရေ(၁၆) ဦးရှိပါသည်။အများစုမှာမူလတ်တန်းအဆင့်တတ်မြောက်ထားသူများဖြစ်ကြပြီးလူဦးရေမှာ(၁၆၅)ဦး၊ အလယ်တန်းအဆင့်တတ်မြောက်သူဦးရေမှာ(၆၃)ဦး၊အထက်တန်းအဆင့်စာတတ်မြောက်သူဦးရေမှာ(၂၈)ဦးနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်သူဦးရေမှာ(၈)ဦးရှိပါသည်။

**(ဂ) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ကျေးရွာအတွင်းတွင်ရှိသော ကျေးလက်ကျန်းမာရေး ဆေးပေးခန်းသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာအားကျန်းမာရေး အသိပညာ ပေးခြင်းများ တစ်ကိုယ်ရေကျန်းမာရေးပညာပေးများ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမိုကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိရေသုံးစွဲမှုမှာ အိမ်ထောင်စုများအနေဖြင့် အဝီစိတွင်းရေကို အဓိက အသုံးပြုကြပြီး ချောင်းရေကိုလည်း အသုံးပြုကြပါသည်။ အိမ်ထောင်စုများမှာ အဝီစိတွင်းစက်တပ်/တုံကင်နှင့် ချောင်းရေတို့မှ ရယူသုံးစွဲကြပြီး ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှုရှိသဖြင့် ကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေအဖြစ် ချောင်းရေနှင့် အဝီစိတွင်းကို ရာသီမရွေး သုံးစွဲနိုင်ပါသည် ။ ရေလဲကျေးရွာ၌ အမှိုက်သရိုက်များကို ပုံမှန်သန့်ရှင်းရေး ပြုလုပ်သော်လည်း စုပေါင်းလုပ်ဆောင်မှုအားနည်းခြင်း၊ စည်းစနစ်ကျနစွာ လုပ်ဆောင်မှုရှိမည်ဆိုပါက သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု ပေါင်း (၆၃) အိမ်ထောင်စုရှိပြီး ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး အသုံးပြုကြပြီး အိမ်သာမရှိသော အိမ်ထောင်စုများ မရှိပါ။ သန့်ရှင်းသော ရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲမှုအသိပညာ လိုအပ်ပါသည်။

**(၈) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရေလဲကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးဦးကာလတွင်မုန်တိုင်းကျရောက်ခြင်း ရေကြီးရေလျှံခြင်းအနည်းငယ်ဖြစ်ပေါ်တတ်ပြီး ငလျင်လှုပ်ခြင်းလည်းရံဖန်ရံခါဖြစ်ပေါ်တတ်ခြင်းကို အဓိကထားကြုံတွေ့နေရပါသည်။ တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိ သည်တို့မှလည်း သဘာဝဘေးအန္တရာယ် သတင်းအချက်အလက်များရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ထားရှိမှု အားနည်းလျက်ရှိပါသည်။

ရေလဲကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပြီး အိမ်ထောင်စုများမှ ချက်ပြုတ်စားသောက်ရန် ထင်းများခုတ်ယူသဖြင့် သစ်တောပြုန်းတီးမှုများ အနည်းငယ် ဖြစ်ပေါ်ပါသည်။

**(၉) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ရေလဲကျေးရွာတွင်အလုပ်လုပ်နိုင်သောအမျိုးအစားနှင့်အမျိုးသမီးများခွဲခြားမှုရှိပါသည်။အမျိုးသားတစ်ဦးလျှင်၁၅၀၀၀ကျပ်ရရှိသော်လည်းအမျိုးသမီးအများဆုံးမှာ၁၀၀၀၀ကျပ်သာရရှိပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာပန်းရံလက်သမားများဖြစ်ကြပါသည်။ ကျေးရွာတွင်းရှိစာတတ်မြောက်မှုတွင်လည်းပညာရေးအဆင့်အလိုက်အမျိုးသမီးစာတတ်မြောက်မှုနှုန်းမှာအမျိုးသားများ ထက်များပါသည်။ကျေးရွာတွင်းရှိဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတွင်အမျိုးသားများ မှဦးဆောင်ပါဝင်ကြပါသည်။သို့သော်လည်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များ တွင်အမျိုးသမီးများ၏အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။

## ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ရေလဲ | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁၀၀ | ၁ | ကျေးလက်ဦးစီး | |
| ၂ | ရေလဲ | မီးလင်းရေး | ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း | ၉၀ | ၂ | လျှပ်စစ်ဦးစီး | |
| ၃ | ရေလဲ | အခြေခံဆောက်အဦ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၈၀ | ၃ | ကျေးလက်ဦးစီး | |
| ၄ | ရေလဲ | ငွေကြေး | မြစိမ်းရောင်လည်ပတ်ရန်ပုံငွေစီမံကိန်း | ၇၅ | ၄ | ကျေးလက်လမ်းဦးစီး | |
| ၅ | ရေလဲ | အသက်မွေးဝမ်းကျောင်း | အခြေခံအပ်ချုပ်စက်/ဆိုင်ကယ်ပြင်သင်တန်း | ၇၀ | ၅ | ကျေးလက်ဦးစီး | |
| ၆ | ရေလဲ | အသက်မွေးဝမ်းကျောင်း | စိုက်ပျိုးမွေးမြူရေးသင်တန်း | ၆၅ | ၆ | စိုက်ပျိုးရေးဦးစီး | |

## ပန်းတနော်မြို့နယ်၊ရေလဲနဲ့ကောအုပ်စု၊ရေလဲကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန့်ဇင် | ဦးလှတင် | ၁၄/ပတန(နိုင်)ဝ၅၈၉၄ဝ | ၇၂ | ဥက္ကဌ | ဝ၉-၇၈၉၇၉၄ဝ၇၉ |
| ၂ | ဒေါ်သဥ္ဇာနွယ် | ဦးသန့်ဇင် | ၁၄/ပတန(နိုင်)၁၉၆၃၇၅ | ၃၇ | အဖွဲ့ဝင် | ဝ၉-၆၇၆၇၄၅၉၆၂ |
| ၃ | ဒေါ်စန်းမော် | ဦးကြည်ဝင်း | ၁၄/ပတန(နိုင်)၁၇ဝ၃၇၅ | ၄ဝ | အဖွဲ့ဝင် | |
| ၄ | ဦးမြင့်အောင် | ဦးဘရင် | ၁၄/ပတန(နိုင်) ၁၉၉၃၅၁ | ၄၄ | အဖွဲ့ဝင် | ဝ၉-၆၈၇ဝဝ၇၈၇၈ |
| ၅ | ဦးဌေးအောင် | ဦးဘရင် | ၁၄/ပတန(နိုင်)ဝ၅၉၂၈၃ | ၅၆ | အဖွဲ့ဝင် | ဝ၉-၇၉၄၅၈၄၃၆၄ |
| ၆ | ဦးလှကြိုင် | ဦးခင်အေး | ၁၄/ပတန(နိုင်)၁၁၁၇ဝ၃ | ၄၄ | အဖွဲ့ဝင် | ဝ၉-၆၆၆၄၃၅ဝ၂၂ |
| ၇ | ဒေါ်စန္ဒာနွယ် | ဦးမောင်ရွှေ | ၁၄/ပတန(နိုင်)၁၁၁၇၄၇ | ၄၆ | အဖွဲ့ဝင် | ဝ၉-၆၈၇၈ဝ၉၂၄၅ |
| ၈ | ဒေါ်သိုက်သိုက် | ဦးစိုးတင့် | ၁၄/ပတန(နိုင်)၁၁၁၇ဝ၇ | ၄၄ | အဖွဲ့ဝင် | ဝ၉-၆၈၉၄၃၈၁၃ဝ |
| ၉ | ဦးသိန်းဆွေ | ဦးတင်အုံး | ၁၄/ပတန(နိုင်)၁၁၁၇ဝ၅ | ၄၆ | အတွင်းရေးမှူး | ဝ၉-၆၆၁ဝ၈၄၆၇၁ |

နောက်ဆက်တွဲ (၃)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | | | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂ | ၁ | ၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅ | ၇ | ၁၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၉ | ၁၁ | ၂၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၅ | ၁၂၀ | ၂၂၅ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၁၁ | ၂၀ | | |
| စုစုပေါင်း | | ၁၃၀ | ၁၅၀ | ၂၈၀ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၆၃ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)နှစ်မပြည့်မီအရွယ် ၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ၅နှစ်အောက် ကလေးငယ်(၃)ဦး၊ မူလတန်းအရွယ်(၁၂)ဦး ၊အလယ်တန်းကျောင်းသားအရွယ်(၂၀)ဦး၊ အလုပ်လုပ် နိုင်သည့်အရွယ် (၂၂၅)၊ သက်ကြီးရွယ်ကြီး (၂၀)ဦး စုစုပေါင်း ၂၈၀ဦးရှိပြီး၊ အိမ်ထောင်စုပေါင်း (၆၃)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြ ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၄၃ | ၂ | ၂၅ | ၁၈ | ၁၈၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၇ | ၄၀ | | ၁၈ | ၂၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြ ြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁၆ | | ၄ | ၁၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | | ၃ | | ၆ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | | ၃ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | ၂ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ချောစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | | | | | | | ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၄ | | ၂ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☑ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | | | | | | | | ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၆၃ | ၁၁၆ | ၅ | ၅၀ | ၇၂ | ၁၈၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**" **ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။"**ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား / ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –"**စိုက်ပျိုးရေး**" ကဏ္ဍ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ရေလဲကျေးရွာတွင်ကျေးရွာ၏လူဦးရေကောက်ယူမှုစာရင်းအရ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအပြင် လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစားကို အဓိကလုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | ၇၀၀၀ | | ၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | | ၁၀၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ ရေလဲကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိက လုပ်ဆောင်ကြပြီး ယောက်ျားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၁၅၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့လုပ်အားခမှာ ၁၀၀၀၀ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၁၀၀၀၀ကျပ်ဖြစ်၍ အနည်းဆုံးတစ်နေ့လုပ်အားခမှာ၈၀၀၀ကျပ်ဖြစ်ပါသည်။ လက်သမားပန်းရံလုပ်ငန်း များမှာလည်း ကျွမ်းကျင်လုပ်သားအနေဖြင့်လုပ်အားခ၂၀၀၀၀ကျပ်ဖြစ်၍ နေ့စားလုပ်ကိုင်သူများရှိပြီး လုပ်ခအားနှုန်းထားများအား ကျား/မအလိုက် ခွဲခြား သတ်မှတ်ပေးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၂၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၂ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၃၆ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ရေလဲကျေးရွာတွင် လယ်ဧက(၁၂၄)ဧက၊ ကိုင်/ကျွန်းမြေ(၁၂)ဧက ပိုင်ဆိုင်မှုရှိကြပြီး စပါး၊ ပဲ၊ တို့ကို အများဆုံးစိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း☐ မရှိ ☑ | ☒ | လျော့ ☐ တိုး☑ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☑ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| မြစ်၊စိမ့်စမ်း) | | | အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း) | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။** ရေလဲကျေးရွာတွင်ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ၊ ကျောက်ခဲ ၊ ကျောက်စရစ်များမထွက်ရှိပါ။ ဆေးဘက်ဝင်အပင်များအနည်းအကျဉ်းရှိသော်လည်း အသုံးပြုမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိေသာအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂ | ၁၅ | ၁၇ | ၁၉ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** ဥစ္စာဓနအဆင့်အခြေအနေမှာ အလွန်အဆင်ပြေဆုံး အိမ်ထောင်စုမှာနည်းပါးပြီး **အလယ်အလတ်အဆင့်ရှိ အိမ်ထောင်စု** ၊ ဆင်းရဲသော အိမ်ထောင်စု နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၌ ဆင်းရဲပြီး အလုပ်အကိုင်နှင့်အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၃ | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ၂<br>ချေးယူ = ၁<br>လုပ်အားခကြိုယူ = ______ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၅ | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ၂<br>ချေးယူ = ၁<br>လုပ်အားခကြိုယူ = ၂ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၄ | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ------------<br>ချေးယူ = ၁<br>လုပ်အားခကြိုယူ = ၃ |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရေလဲကျေးရွာတွင် (၃)လ**အထက်** ဝမ်းစာဖူလုံမှုပြုရသော အိမ်ထောင်စု**များအနေဖြင့်** ဝမ်းစာဖူလုံရေးအ**တွ**က်ချေးယူခြင်း ၊ လုပ်အားခကြိုယူခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို ဖြေရှင်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** ရေလဲကျေးရွာတွင် လူဦးရေစာရင်းကောက်ခံမှုအရ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | ✓ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | | | | ✓ | | |
| ၄ | ဆူနာမီ | | | | ✓ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | ✓ | | |
| ၆ | လေဆင်နှာမောင်း | | | | ✓ | | |
| ၇ | ငလျင် | | | | ✓ | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ) | | |
|---|---|---|---|---|---|---|---|
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✓ | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | ✓ | | |
| ၂၂ | တီဘီရောဂါ | ✓ | | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | | ✓ | | | ✓ | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

